**လူ့အသိုင်းအဝိုင်းအကြောင်းသတင်းအချက်အလက်စုဆောင်းခြင်း**
GATHERING INFORMATION ABOUT OUR COMMUNITY - IDMM

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်း သား၊ သူ) သည်

၁. လူတွေ ၏ စိတ်ထဲ၌ သူတို့ဘာတွေစိတ်အားထက်သန်နေတယ်၊ သူတို့နေရာ ဒေသ ကို ပြောင်းလဲချင်တာတွေကို လေ့လာသွားမည်။
၂. သူတို့လေ့လာသင်ယူခဲ့သောအရာများကို လက်တွေ့လုပ်ဆောင်နိုင်လိမ့်မည်။

**<u>သင်တန်းဆရာများအတွက်ခြုံငုံသုံးသပ်ခြင်း-</u>** ဤသင်ခန်းစာသည် IDMM ပြင်ပလှုပ်ရှားမှုတစ်ခုအတွက် လူ့အသိုင်းအဝိုင်းတစ်ခုကိုရွေးချယ်မှုတစ်ခုအဖို့မှန်ကန်သောလမ်းညွှန်မှုသို့ ရွေ့လျားသည့်အသင်း တစ်သင်းကိုရရှိစေရန် ဆန်းစစ်ဝေဖန်သောသင်ခန်းစာအပိုင်းတစ်ခုဖြစ်သည်။

**သရုပ်ဖော်ပြသခြင်း- လူနှစ်ယောက်စကားပြောနေကြသည်။ ၅"**

**ပထမပုဂ္ဂိုလ်-** မေရာမှာ IDMM ကိုစတင်ရန် သခင်ဘုရားသည် ကျွန်တော်တို့အားဦးဆောင်နေ သည်ဟု ကျွန်တော်ခံစားမိသည်။

**ဒုတိယပုဂ္ဂိုလ်-** တကယ်လား၊ မေရာအကြောင်းကို သင်ဘာသိထားသလဲ။ သူတို့ ဘယ်လို အသက်မွေးဝမ်းကျောင်းလုပ်ဆောင်သလဲ။

**ပထမပုဂ္ဂိုလ်-** အို... သူတို့အလုပ်လုပ်ပါတယ်၊ သူတို့ဘာလုပ်လည်းဆိုတာကို ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ သူတို့ တစ်ခုခုကိုတော့လုပ်တယ်။

**ဒုတိယပုဂ္ဂိုလ်-** သူတို့၏အခြားလိုအပ်မှုတစ်ချို့မှာ ဘာလဲ။ အသက်အရွယ်ရောက်လာသောသူတို့ စာအရေးအဖတ်တတ်မြောက်ခြင်းရှိနိုင်တယ်လို့သင်ထင်သလား။

**ပထမပုဂ္ဂိုလ်-** အို... ကျွန်တော်မသိဘူး၊ ကျွန်တော်ဂရုမစိုက်ဘူး။ ဒါပေမဲ့ မနေ့ညကျွန်တော် ဆုတောင်းပြီးနောက် "မေရာ၊ မေရာ" ဆိုတဲ့အိပ်မက် ကို ကျွန်တော် ဆက်ဆက် ကြားခဲ့သည်။ ကျွန်တော်တို့ ထိုနေရာမှာ အလုပ်လုပ်ဆောင်ရန် ထင်မြင်ယူဆမိ သည်။

**ဒုတိယပုဂ္ဂိုလ်-** အမ်... အသံကဘုရားသခင်သည် သင့်ကိုစကားပြောနေသည့်အသံနှင့်တူညီသည်။ သွားလည်ကြစို့၊ ကျွန်တော်တို့အဖို့ကြည့်ရှုကြစို့။

**-------SH မေးခွန်းများ----------------**

S= သင်ဘာကို**<u>မြင်</u>**သနည်း။

H= ဘာတွေ**<u>ဖြစ်ပျက်</u>**ခဲ့သနည်း။

ကျွန်တော်တို့အလုပ်လုပ်နေသောနေရာဒေသတွင် လူ့အသိုင်းအဝိုင်း ၏လိုအပ်မှုများနှင့် ကိစ္စရပ်များတို့ ကို နားလည်သဘောပေါက်စေရန် ကျွန်တော်တို့ရှာဖွေသကဲ့သို့ သန့်ရှင်းတော်ဝိညာဉ်တော်ဖြင့် ဘုရား သခင်သည်

ကျွန်တော်တို့အားလမ်းပြသည်။ သတင်းအချက်အလက် တို့ကို စုဆောင်းထားသည့် သမ္မာကျမ်းစာဆိုင်ရာ ပုံဥပမာတစ်ခုကိုကြည့်ရှုခြင်းနှင့်အတူ စတင်ကြပါစို့။

**I. သတင်းအချက်အလက်တို့ကိုစုဆောင်းထားသည့်သမ္မာကျမ်းစာဆိုင်ရာပုံဥပမာ- တမန်တော် ၁၇း၁၆-၂၈**

အဖွဲ့လေးဖွဲ့ခွဲလိုက်ပါ။
တစ်ဖွဲ့စီအား ဤမေးခွန်းများမှတစ်ခုစီကို အလုပ်တာဝန်ပေးပါ။
သူတို့၏အဖြေများကို နံရံကပ်စာရွက်အချပ်တစ်ဝက်ပေါ်သို့ထားရန် သူတို့အားတောင်းဆိုပါ။
စုပေါင်းအဖွဲ့သို့ဝေငှပါ။ သို့သော် လာမယ့်သင်ခန်းစာအပိုင်းအတွက် အဖွဲ့ငယ်ကိုဆက်လက်ထိန်းထားပါ။
သင်တန်းမှူးက အဓိကကျသောအချက်များကို အကျဉ်းချုပ်ပါ။

**<u>က. အေသင်မြို့၏ဝိညာဉ်ရေး နှင့် လူမှုရေး အကြောင်းနှင့် ပတ်သက်၍ အဘယ်လေ့လာတွေ့ရှိချက်များကို ရှင်ပေါလု ပြုလုပ်ခဲ့သနည်း။</u>**

၁. ဒေသခံများနှင့် တိုင်းတစ်ပါးသားများ
၂. မြို့သည် ရုပ်တုဆင်းတုများနှင့်ပြည့်သည်။
၃. "မသိသောဘုရားသခင်အဖို့" ယဇ်ပလ္လင်များ
၄. ဝတ်ပြုကိုးကွယ်ရာ (တရားဇရပ်) နေရာများ
၅. ဂျူးလူမျိုးများနှင့် ဘုရားသခင်ကိုကြောက်ရွံ့သောတိုင်းတစ်ပါးများ
၆. ခြားနားသောအတွေးအခေါ်များ
၇. အုပ်စိုးသောအခွင့်အာဏာ
၈. ကွဲပြားခြားနားသောလူအုပ်စုများ
၉. စာပေကျမ်းဂန်နှင့် ကဗျာတို့သည် အရေးကြီးသည်။
၁၀. ဘာသာရေးကိုင်းရှိုင်းမှု
၁၁. သူတို့၏ စိတ်ကူးများကိုတစ်ဦးကိုတစ်ဦးဝေမျှကြသည်။

**ခ. အေသင်ရှိ လူများ နှင့်ယုံကြည်ချက်များအကြောင်း ရှင်ပေါလု မည်သို့ လေ့လာခဲ့သနည်း။ သူသည် အဘယ်နည်းစနစ်များကိုအသုံးပြုခဲ့ သနည်း။**

၁. မြို့တွင်အချိန်ကုန်စေခဲ့သည်။
၂. နားထောင်ခဲ့သည်။
၃. စူးစမ်းလေ့လာခဲ့သည်။
၄. အလေးအနက်စဉ်းစားခဲ့သည်။
၅. သူတို့ကိုးကွယ်မှုများ၏ရည်မှန်းချက်များကို စစ်ဆေးခဲ့သည်။
၆. လူများအားစကားပြောခဲ့သည်။
၇. သူတို့၏စာပေကျမ်းဂန်နှင့် ကဗျာတို့ကိုဖတ်ခဲ့သည်။
၈. မင်းအစိုးရများနှင့်စကားပြောခဲ့သည်။

**II. စုဆောင်းထားသောသတင်းအချက်အလက် (၂၀")**

တူညီသော အဖွဲ့ငါးဖွဲ့ကိုအသုံးပြုပြီး အဖွဲ့တိုင်းအားဤမေးခွန်းများ နှင့် စာရွက် တစ်ရွက် ကိုပေးပါ။ တစ်ဖွဲ့စီတိုင်းအား ၅-၇ မိနစ်ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း များ ပြုလုပ်စေပြီး၊ စုပေါင်းအဖွဲ့သို့ အစီရင်ခံစေပါ။

**က. <u>အကယ်၍ လူ့အသိုင်းအဝိုင်းတစ်ခုသည် IDMM ပြင်ပလုပ်ရှားမှုတစ်ခုအတွက် ဖြစ်နိုင်ချေရှိသော နေရာဒေသတစ်ခုဖြစ်လျှင် ၎င်းအကြောင်းနှင့်ပတ်သက်၍ သင်အဘယ်အရာကိုသိရန် ဆန္ဒရှိသနည်း။</u>**

၁. ဝိညာဉ်ရေးရာယုံကြည်မှုများနှင့် လေထု၊ ပတ်ဝန်းကျင်
၂. လူ့အသိုင်းအဝိုင်း၏ အရွယ်ပမာဏ
၃. လွန်ခဲ့သောအချိန်တွင် အဘယ်ကဲ့သို့သော ကြီးထွားတိုးတက်သောစီမံကိန်းများကိုပြီးစီးစေခဲ့သနည်း။ သူတို့သည် နောက်တစ်ခုကိုကြိုးစားလုပ်ဆောင်ရန် စိတ်ဆန္ဒရှိနေသလား။
၄. သူတို့သည် ပြောင်းလဲရန်အတွက်လက်ခံရန်အသင့်ဖြစ်နေသလား။
၅. ဘုရားသခင်သည် လူ့အသိုင်းအဝိုင်းတွင်ယခုတိုင်အလုပ်လုပ်နေသောအရာကား အဘယ်နည်း။
၆. ခေါင်းဆောင်များတို့သည် မည်သူနည်း။ (ထုံးတမ်းနည်းလမ်းအတိုင်းနှင့် ထုံးတမ်းနည်းလမ်းအတိုင်း မဟုတ်သော)
၇. လူ့အသိုင်းအဝိုင်း ကို အတားအဆီး ဖြစ်စေ နိုင်သည့် အရာ တစ်စုံတစ်ခု ရှိပါသလား။
၈. လူ့အသိုင်းအဝိုင်းသည် မည်ကဲ့သို့အလုပ်လုပ်သနည်း။ ၎င်းသည် ကောင်းမွန်စွာလုပ်သလား။
၉. စာရင်းအင်းနှင့် လူဦးရေစာရင်းအချက်အလက်
၁၀. အဘယ်သို့သော ပံ့ပိုးမှုများနှင့် အရင်းအမြစ်များ ရရှိနိုင်သနည်း။
၁၁. ကျေးရွာ သို့မဟုတ် အနီးအနားတွင် ဆေးပေးခန်း ရှိပါသလား။
၁၂. ပညာရေးစံနှုန်းနှင့် ဒေသခံစာသင်ကျောင်းများ
၁၃. ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များ ရရှိနိုင်သည်
၁၄. ရုပ်ပိုင်းဆိုင်ရာအခွင့်အလမ်း
၁၅. ရိုးရာဓလေ့များ၊ ယုံကြည်ချက်များ နှင့် ယဉ်ကျေးမှု
၁၆. လူ့အသိုင်းအဝိုင်းတွင် အခြားသောလုပ်ငန်းများကို ဖေါ်ထုတ်ခြင်း
၁၇. စီမံကိန်းများသို့ ဝင်ရောက်သောအချက်များ
၁၈. လူ့အသိုင်းအဝိုင်းကိုဖွဲ့စည်းတည်ဆောက်ပုံ၊ အရွယ်အစား၊ စသည်ဖြင့်.....

**ခ. <u>ကျွန်တော်တို့သည် လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်တို့ကို အဘယ်နေရာတွင် ရှာဖွေတွေ့ရှိနိုင်သနည်း။</u>**

၁. ကျွန်တော်တို့၏အာရုံငါးပါးဖြင့်သိရှိခြင်းကိုဖွင့်လျက် (စူးစမ်းလေ့လာခြင်း၊ နားထောင်ခြင်း၊ အနံ့ခံခြင်း.....) လူ့အသိုင်းအဝိုင်း၏လမ်းမပေါ်သို့လမ်းလျှောက်ခြင်း၊
၂. ခေါင်းဆောင်များ (အသင်းတော်များ၊ မင်းအစိုးရ၊ ကိန်းကြီးခန်းကြီး၊ စာသင်ကျောင်းများ)
၃. အစိုးရရုံးများ (ကျန်းမာရေး၊ စိုက်ပျိုးရေး၊ တိရိစ္ဆာန်ဆရာဝန်၊ ပညာရေး)

၄. အိမ်နီးနားချင်းလူ့အသိုင်းအဝိုင်းများ
၅. ကလေးသူငယ်များ
၆. မြေပုံများနှင့်စာအုပ်များ
၇. စာရင်းအင်း၊ မှတ်တမ်းများ
၈. ဧရိယာတွင် အလုပ်လုပ်သောလူ
၉. အဖွဲ့အစည်းအဝေးများ
၁၀. နေအိမ်သို့သွားလည်ခြင်းများ
၁၁. အခြားအစိုးရအဖွဲ့မဟုတ်သောလူ့အဖွဲ့အစည်းများ
၁၂. ထိုနေရာဒေသတွင်နေထိုင်သူတစ်ဦးတစ်ယောက်ချင်း
၁၃. စာကြည့်တိုက်များ
၁၄. အင်တာနက်နှင့် ကမ္ဘာလောကအနှံ့ကွန်ရက်

**ဂ. ကျွန်တော်တို့သည် အဘယ်ကဲ့သို့သောဝိညာဉ်ရေးရာလွှမ်းမိုးမှုများ သို့မဟုတ် အတားအဆီးများတို့ကို ရှာဖွေသင့်သနည်း။**

၁. ဒေသခံသမိုင်း
၂. ဝိညာဉ်ရေးရာလုံခြုံစိတ်ချရသည့်နေရာများ
၃. ဗိမာန်တော်များ
၄. စေတီပုထိုးများနှင့် ယဇ်ပလ္လင်များ
၅. မြေမြှုပ်သင်္ဂြိုလ်ခြင်းနေရာများ၊ သုသာန်
၆. ခေတ်သစ်စာအုပ်စတိုးဆိုင်များ
၇. ဗလီဝတ်ကျောင်းများ
၈. ဘုရားဖူးသွားရန်နေရာများ
၉. အစွန်းရောက်အယူဝါဒအဖွဲ့ သို့မဟုတ် မှားယွင်းသောသွန်သင်ချက်များ
၁၀. လွန်လေပြီးသောဝိညာဉ်ရေးရာမဟာမိတ်ဖွဲ့စည်းခြင်း သို့မဟုတ် သဘောတူညီချက်
၁၁. မြို့အဝင်ဂိတ်များနှင့်မြို့တံတိုင်းများ
၁၂. လျို့ဝှက်လူ့အဖွဲ့အစည်းများ

**ဃ. ကျွန်တော်တို့သည် မည်သို့သော လူမှုရေးရာ နှောင်ကြိုးအမျိုးအစားကို ရှာဖွေသင့်သနည်း။** ကျွန်စနစ်သည် လူ့အသိုင်းအဝိုင်းရှိ လူတို့အား ထိန်းချုပ်နေသောအရာဝတ္ထုများ၊ အတွေးအခေါ်များ သို့မဟုတ် လူများတို့ကိုခေါ်သည်။

၁. အရာဝတ္ထုကိုးစွဲလမ်းခြင်း
၂. ပြည်တန်ဆာလုပ်ခြင်းနှင့် ပြည်တန်ဆာအိမ်များ
၃. ညစ်ညမ်းရုပ်ရှင်၊ စာပေဆိုင်များ
၄. လိင်တူချင်းကာမဆက်ဆံမှုကိုနှစ်သက်သောဘားဆိုင်များ၊ စုဝေးရာနေရာ
၅. မူးယစ်ဆေးဝါးကုန်သည်များနှင့် အိမ်များ
၆. လောင်းကစားခြင်းနှင့် လောင်းကစားရုံများ

၇. အသင်းတော်များအတွင်း တစ်လုံးတစ်ဝတည်းမရှိခြင်း
၈. ဒေသခံယုံကြည်သူများ သို့မဟုတ် အနည်းစု ဖိစီးနှိပ်စက်ခြင်း
၉. ကိုယ်ကျင့်တရားတန်ဖိုးပျက်ခြင်း
၁၀. ပျင်းရိခြင်း
၁၁. တစ်ဦးနှင့်တစ်ဦးကြောက်ရွံ့ခြင်း
၁၂. လိင်ဆက်ဆံမှုရမ္မက်အပြစ်
၁၃. ဒေါသထွက်ခြင်း၊ နာကြည်းခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ရန်ငြိုးရှိခြင်း သို့မဟုတ် မုန်းတီးခြင်း

## III. ဘုရားသခင် အလုပ်လုပ်နေပါသည်။ ၁၀"

**က. ကျွန်တော်တို့သည် ယောဟန် ၅း၁၇ နှင့် ကောလောသဲ ၁း၁၅-၁၇တွင် ကျွန်ုပ် တို့ လူ့အသိုင်းအဝိုင်း ရှိ ဘုရားသခင်နှင့်ယေရှုတို့၏ လုပ်ဆောင်ခြင်း အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာတို့ကိုလေ့လာသိရှိရမည်နည်း။**

စုပေါင်းအဖွဲ့တွင် ဆွေးနွေးပါ။

၁. ယောဟန် ၅း၁၇- ဘုရားသခင်နှင့်ယေရှုတို့သည် ကျွန်တော်တို့လူ့အသိုင်းအဝိုင်းထဲသို့ မဝင်ရောက်မီကတည်းက အလုပ်လုပ်နေကြသည်။
၂. ကောလောသဲ ၁း၁၅-၁၇-- ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့်၊ သားတောအဘို့နှင့် သားတော်အကြောင်းကြောင့်ဖန်ဆင်းတော်မူခဲ့သည်။
၃. ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို အတူတကွဆုပ်ကိုင်ထားသည်။
၄. အကျဉ်းချုပ်-ကိုယ်တော်သည်ဤလူ့အသိုင်းအဝိုင်းထဲရှိသူတို့ကို ဖန်ဆင်းခဲ့ပြီး သူတို့၏ ကောင်းကျိုးအတွက် အကြံအစည်တစ်ခုရှိသည်။ ကိုယ်တော်သည် သူတို့အား သူ့ထံသို့ဆွဲဆောင်ရန် သူတို့၏စိတ်နှလုံးထဲ၌ အလုပ်လုပ်နေပြီးဖြစ်သည်။

**ခ. ဤလူ့အသိုင်းအဝိုင်းတွင် ဘုရားသခင် လုပ်ဆောင်နေသည့် နည်းလမ်းများအကြောင်းကိုကျွန်ုပ်တို့ မည်သို့လေ့လာရမည်နည်း။**

စုပေါင်းအဖွဲ့-- စဉ်းစား အဖြေရှာနည်း ကိုသုံးရန် နှင့် အဖြေများကိုသင်ပုန်းတွင်ရေးပါ။

၁. ဘုရားသခင်သည် ထိုနေရာဒေသတွင်ယခုတိုင်အောင် အဘယ်အလုပ်ကိုလုပ်နေသည်ကို သင့်အားဖေါ်ပြစေရန် ဘုရားသခင်ထံတောင်းခံပါ။
၂. ကိုယ်တော်၏လမ်းပြမှုအတွက် ဘုရားသခင်အားတောင်းခံရန်၊ ရှာဖွေရန်နှင့် နားထောင်ရန် လျှောက်လှမ်းပါ။
၃. ကျွန်ုပ် တို့ကို သူတွေ့ဆုံစေလိုသော သူထံ ပို့ဆောင်ပေးပါရန် ဘုရားသခင် အား တောင်းလျှောက်ပါ။
၄. ဖြစ်နိုင်ချေရှိသောသူကိုဖေါ်ပြစေရန် ဘုရားသခင်အားတောင်းခံပါ။
၅. လူတို့အား သူတို့၏ပုံပြင်ကိုကျွန်တော်တို့အားပြောဆိုစေရန် လုံခြုံစိတ်ချမှုရှိကြောင်းကို ခံစားစေပါ။ သူတို့ပြုလုပ်နိုင်ရန် လုံခြုံစိတ်ချမှုရှိသောနေရာ တစ်ခုကို ဖန်တီးပါ။
၆. ဘုရားသခင်သည် ဤနေရာနှင့်ပတ်သက်၍ ကျွန်ုပ်အထဲမှာအဘယ်အရာကိုနှိုးနေသည်ကို စောင့်ကြည့်ပါ။

၇. သတင်းအချက်အလက်၊ ထိုနေရာတွင်ခုပင်ရှိခြင်း၊ နားထောင်သူတစ်ဦးဖြစ်စေပါ။
၈. လူတွေ့မေးမြန်းခြင်းမဟုတ်၊ စကားစမြည်ပြောဆိုခြင်းရှိသည်။
၉. လူတို့နှင့်အတူ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်းများကို စတင်ပါ။
၁၀. အခြားသူများနှင့် သူတို့၏နေရာဒေသအကြောင်းအား လူတို့၏ပြန်လည်ပြောပြခြင်းများတို့ကို နားထောင်ပါ။
၁၁. စူးစမ်းလေ့လာပါ။ အာရုံငါးပါးခံစားမှုများ (အနံ့ခံခြင်း၊ အရသာခံခြင်း၊ ကြားနာခြင်း၊ အမြင်) ကို အသုံးပြုပါ။
၁၂. မိတ်ဆွေဖွဲ့ခြင်းများ/ဆက်သွယ်ခြင်းများတို့ကို ကြီးထွားတိုးတက်စေပါ။
၁၃. ရှေ့၌လေ့လာပြီးခဲ့သော လေ့လာခြင်းများကို ပြန်လည်စမ်းစစ်ကြည့်ပါ။

**ဂ. ကျွန်တော်တို့စုဆောင်းနေသောသတင်းအချက်အလက်တို့အား ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့ မည်သို့ တုန့်ပြန်မည်နည်း။ ကျွန်တော်တို့ကို ကူညီမည့် လက်တွေ့ကျသော ကိရိယာများ သို့မဟုတ် နည်းလမ်းများ ရှိပါသလား။**

စုပေါင်းအဖွဲ့-- အနည်းငယ်သောတုန့်ပြန်မှုများကို စဉ်းစား အဖြေရှာနည်း ကိုသုံးရန် နှင့် ၎င်းနောက် မှတ်စု-- လူ့အသိုင်းအဝိုင်းလျှောက်လှမ်းခြင်း-- အားဝေမျှပါ။

၁. လူ့အသိုင်းအဝိုင်း ရှိ သာသနာလုပ်ငန်းအတွက်ဆုတောင်းပါ။
၂. လမ်းပြမှုအတွက်သခင်ဘုရားကိုစောင့်မျှော်ပါ။
၃. စည်းကမ်းရှိပါ၊ ဆုတောင်းခြင်း၌တညီတညွတ်တည်းဖြစ်စေပါ။
၄. ဆုတောင်းခြင်းလှုပ်ရှားမှုများ ၏နေ့စဉ်မှတ်တမ်းများကို ထိန်းသိမ်းပါ။
၅. လူ့အသိုင်းအဝိုင်းတစ်လျှောက် လမ်းလျှောက်ဆုတောင်းပါ။
၆. IDMM အဖွဲ့သားနှင့်အတူဆုတောင်းရန် ဒေသန္တရအသင်းတော်ကိုစာရင်းသွင်းပါ။
၇. ဝိညာဉ်ရေးရာအနိုင်ထက်ပြုလုပ်ခြင်းများမှ ကာကွယ်ရန် အတွက်ဆုတောင်းပါ။ (ဖေက် ၆း၁၀-၁၈)
၈. ဘုရားသခင်နှင့် ဆက်ဆံရေး ကို ခိုင်ခံ့ မြဲမြံအောင် ထိန်းသိမ်းပါ။
၉. ဆုတောင်းခြင်း၌ဦးဆောင်စေရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဆင်ခြင်အောက်မေ့ပါ၊ ဆုတောင်းပါ။
၁၀. ဝိညာဉ်ရေးရာ၏လွှမ်းမိုးမှုအောက်တွင်ရှိနေသောသူများအတွက် အထူးဆုတောင်းပေးပါ။
၁၁. ဝိညာဉ်ရေးရာသတင်းအချက်အလက်တို့ကိုစုဆောင်းခြင်းအားဖြင့် ကြားဝင်ကိုယ်စား တောင်းပန်သောဆုတောင်းခြင်းဆီဖြည့်ပါ။

**IV. လူ့အသိုင်းအဝိုင်း၌လျှောက်လှမ်းခြင်း (ရွေးယူခွင့်ရှိ)- ၁၀" အပေါင်း ၁၀" အစီရင်ခံခြင်း**

(အကယ်၍သင်၌အချိန်ပိုရှိလျှင်)

လှုပ်ရှားမှု- လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်သို့ နှစ်ယောက်စီသွားပြီး သတင်းအချက်အလက်တို့ကို လွတ်လပ်စွာစုဆောင်းပါ။ မထွက်ခွါမီ ဤလမ်းညွှန်မှုများကိုပြန်လည်ဆန်းစစ်ကြည့်ပါ။

၁. အကယ်၍ သင်သည် လူ့အသိုင်းအဝိုင်းတွင် နေထိုင်ပါက သူစိမ်းတစ်ယောက်ရဲ့ မျက်စိ၊ အပြုအမူတို့နှင့် သဘောထား ကိုကြည့်ပါ။

၂. လူ့အသိုင်းအဝိုင်းမှမဟုတ်ပါက ဖြစ်နိုင်လျှင် သင်နှင့်အတူလျှောက်သွားရန်ဖြစ်နိုင်ချေရှိသူ တစ်ဦးဦးကို ရှာပါ။ (လုကာ ၁၀း၁-၁၂)

၃. လူတွေ ဘယ်လို နေထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လို ပေါင်းသင်း နေတယ်ဆိုတာ ကို ပတ်ပတ်လည် လမ်းလျှောက်၍ ကြည့်ပြီး လေ့လာပါ။ သင့်ရဲ့ အာရုံ ငါးပါး ကို အသုံးပြုပါ။

၄. သင်လျှောက်လှမ်းသကဲ့သို့ သင်တွေ့မြင်သောအရာအတွက်ဆုတောင်းကူပါ။ ဘုရားသခင်၏ ဝိညာဉ်တော်မှ အာရုံငါးပါးဖြင့်သိရှိစေပါ။ လူ့အသိုင်းအဝိုင်းတွင် အဘယ်ကြောင့်တိကျသော တန်ဖိုးထားမှုများ သို့မဟုတ် အပြုအမူရှိသည်ကို ခွဲခြားသိမြင်ရန်စတင်ပါ။

၅. အကယ်၍ပြင်ပတွင်လူတွေကို တွေ့ပါက သူတို့ကိုနှုတ်ဆက်ပါ။ သင်သည်မည်သူမည်ဝါဖြစ်သည် ကိုၦင်း၊ ဤနေရာဒေသအကြောင်းအားလေ့လာရာတွင်သင်စိတ်ဝင်းစားမှုရှိကြောင်းကို သူတို့အား ပြောပြပါ။

က. သင်သည်ဤနေရာဒေသတွင်ဘယ်လောက်ကြာကြာနေထိုင်လာခဲ့သနည်း။

ခ. လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်၍ သင်ဘာကိုကြိုက်နှစ်သက်သနည်း။

ဂ. သင်၏လူ့အသိုင်းအဝိုင်းနှင့်ပက်သက်၍ တစ်စုံတစ်ခု သင်ပြောင်းလဲနိုင်ပါက မည်သို့ဖြစ်နိုင်သနည်း။

၆. လူနှင့်လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်သောဖြစ်ရပ်ပုံပြင်များကို နားထောင်ပါ။

၇. သင်လျှောက်လှမ်းမှုပြီးစီးပြီးနောက် စူးစမ်းလေ့လာမှုများနှင့်ရှာဖွေတွေ့ရှိမှုများတို့ကို မှတ်သားပါ။

**ကိုးကားချက်များ--** သတင်းပေးခဲ့သော ကြားဝင်ကိုယ်စားတောင်းပန်ခြင်း။ ဂျော့ချ် အိုတစ်

**ရပ်တည်မှု-** လူ့အသိုင်းအဝိုင်းရှိ လူများ၊ ၎င်း တို့၏ ပိုင်ဆိုင်မှု များနှင့် ထိုနေရာ တွင် အမှန်တကယ် ပြောင်းလဲမှု ဖြစ်ပေါ်စေရန် သူတို့လုပ်ဆောင် လိုသည့် အရာများကို သိရန် အရေးကြီးသည်။

**ကျွမ်းကျင်မှု-** သင်တန်းသူ/သား တို့သည် လူ့အသိုင်းအဝိုင်းတစ်ခုကို လေ့လာသူနှင့် သူစိမ်းတစ်ဦးကဲ့သို့ ဝင်ရောက်ရန်နှင့် လူများနှင့် ၎င်းတို့ အသိုင်းအဝိုင်း တွင်ရှိသည့် ပိုင်ဆိုင်မှု များကို လူများအား ၎င်းတို့လိုအပ်သည် ကို မပြောဘဲ နားထောင်ခြင်း အားဖြင့် ဖော်ထုတ်နိုင်သည့် စွမ်းရည် ရှိလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းမှူးများသည် လူ့အသိုင်းအဝိုင်းတစ်ခုတွင် အဘယ်အရာလိုအပ်မှုကိုပြောဆိုသူ များအစား ကောင်းသောနားထောင်သောသူများဖြစ်ကြသလား။

**တန်ဆာပလာများ** - သတင်းစာ
- မှတ်သားရန်ဖောင်တိန်များ
- တိပ်ပြား၊
- မှတ်စု- လူ့အသိုင်းအဝိုင်းသို့လျှောက်လှမ်းခြင်း

---

ဤသင်ခန်းစာကို IDMM TOT 1 တွင်အသုံးပြုသည်။

## သမ္မာကျမ်းစာကိုးကားချက်များ- ကျွန်တော်တို့၏လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်သော စုဆောင်းထားသည့်သတင်းအချက်အလက်

(သင်တန်းမှူးကိုးကားချက်အတွက်သာ- မှတ်စုအတွက်မဟုတ်ပါ)

**တမန်တော်ဝတ္ထု ၁၇း၁၆-၂၈**

**၁၆** ပေါလုသည်အာသင်မြို့၌သိလနှင့်တိမောသေတို့ကိုငံ့လင့်၍နေစဉ်တွင်၊ ထိုမြို့သည်ရုပ်တုတို့နှင့်အပြည့်ရှိသည်ကိုမြင်လျှင်စိတ်ပူပန်ခြင်းသို့ရောက်၏။

**၁၇** ထို့ကြောင့်တရားစရပ်၌ယုဒလူမှစ၍ဘုရားကိုကိုးကွယ်သောသူတို့နှင့်၎င်း၊ လူများစုဝေးရာအရပ်၌နေ့တိုင်းတွေ့ကြုံသောသူတို့နှင့်၎င်းဆွေးနွေးနှီးနှောခြင်းကိုပြု၏။

**၁၈** ထိုအခါဧပိကုရုတပည့်တို့နှင့်သတောအိတ်ပညာရှိအချို့တို့သည်ပေါလုနှင့်ဆိုင်ပြိုင်၍၊အချို့က၊ ဤမရေရာသောလူသည်အဘယ်သို့ပြောချင်သနည်းဟုဆို၏။အချို့ကလည်း၊ဤသူသည်တကျွန်းတနိုင်ငံနတ်ဘုရားတို့၏အကြောင်းကိုဟောပြောသောသူဖြစ်ဟန်ရှိသည်ဟုဆို၏။ဆိုသည်အကြောင်းကား၊ပေါလုသည်ယေရှု၏တရားနှင့်ထမြောက်ခြင်းတရားတည်းဟူသောဧဝံဂေလိတရားကိုဟောသတည်း။

**၁၉** ထိုအခါ၊ထိုသူတို့သည်ပေါလုကိုခေါ် ၍အာရေတောင်သို့ဆောင်သွားပြီးလျှင်၊သင်သည်ဟောပြောသောဤအယူဝါဒသစ်ကိုငါတို့သိအပ်သလော။

**၂၀** ငါတို့မသိမကျွမ်းဘူးသောအရာတို့ကိုသင်သည်ကြားပြော၏။ထိုအရာများကားအဘယ်သို့ဆိုလိုသည်ကိုငါတို့သိချင်ပါသည်ဟုဆိုကြ၏။

**၂၁** အာသင်မြို့သူမြို့သားအပေါင်းတို့နှင့်ဧည့်သည်များတို့သည်သိတင်းစကားကိုကြားပြောခြင်း၊ နားထောင်ခြင်းအမှုမှတပါးအခြားသောအမှုဖြင့်ကာလကိုမလွန်စေတတ်ကြ။

**၂၂** ထိုအခါပေါလုသည်အာရေတောင်ပေါ်၌ရပ်လျက်၊အချင်းအာသင်လူတို့၊သင်တို့သည်ခပ်သိမ်းသောအရာတို့၌နတ်ဘုရားတို့ကိုအလွန်ရိုသေတတ်ကြသည်ကိုငါမြင်ပါ၏။

**၂၃** လမ်း၌သွား၍သင်တို့၏ဘုရားများကိုကြည့်ရှုသည်တွင်၊ငါတို့မသိသောဘုရားသခင်အဘို့ဟူ၍အက္ခရာတင်သောယဇ်ပလ္လင်တခုတွေ့ပါ၏။သင်တို့သည်မသိဘဲလျက်ကိုးကွယ်သောဘုရားသခင်၏အကြောင်းကိုငါဟောပြော၏။

**၂၄** လောကဓာတ်မှစ၍လောကဓာတ်၌ရှိလေသမျှသောအရာတို့ကိုဖန်ဆင်းတော်မူသောဘုရားသခင်သည်၊ ကောင်းကင်နှင့်မြေကြီးကိုအစိုးရတော်မူသောအရှင်ဖြစ်၍၊လူတို့လက်ဖြင့်လုပ်သောဗိမာန်ကျိန်းဝပ်တော်မူသည်မဟုတ်။

**၂၅** ဘုရားသခင်သည်ခပ်သိမ်းသောသူတို့အားဇီဝအသက်နှင့်တကွထွက်သက်ဝင်သက်မှစ၍ခပ်သိမ်းသောအရာတို့ကိုပေးတော်မူသောအရှင်ဖြစ်၍၊တစုံတခုကိုအလိုတော်ရှိသကဲ့သို့လူတို့လက်ဖြင့်ကျွေးမွေးခြင်းကိုခံတော်မူသည်မဟုတ်။

**၂၆** ဘုရားသခင်သည်မြေတပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကိုတသွေးတည်းနှင့်ဖန်ဆင်းတော်မူ၍၊ သူတို့အားခွဲဝေစီမံသောအချိန်ကာလကို၎င်း၊သူတို့၏နေရာအပိုင်းအခြားကို၎င်းမှတ်သားတော်မူ၏။

**၂၇** အကြောင်းမူကား၊လူတို့သည်ဘုရားသခင်ကိုရှာစမ်းသဖြင့်တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။သို့ဆိုသော်လည်း၊ဘုရားသခင်သည်ငါတို့တွင်အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။

၂၈ ငါတို့သည်ဘုရားသခင်အားဖြင့်အသက်ရှင်လျက်၊လှုပ်ရှားလျက်၊ဖြစ်လျက်ရှိကြ၏။ထိုသို့နှင့်အညီ၊
သင်တို့တွင်လင်္ကာဆရာအချို့တို့က၊ ငါသည်ကားနွယ်တော်သားပင်၊ဘုရားမျိုးပေ၊ဖြစ်ကြလေဟုစပ်ဆို
သတည်း။

**ရှင်ယောဟန်ခရစ်ဝင် ၅း၁၇**

၁၇ ယေရှုကလည်း၊ငါ့ခမည်းတော်သည်ယခုတိုင်အောင်အလုပ်လုပ်တော်မူသည်ဖြစ်၍၊ငါသည်လည်းလုပ်၏ ဟု
ပြန်ပြောတော်မူ၏။

**ကောလောသဲဩဝါဒစာ ၁း၁၅-၁၇**

၁၅ ထိုသားတော်သည်မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်၏။ဖန်ဆင်းသမျှတို့တွင်ဦးစွာဖွား
တို့တွင်လည်းသားဦးဖြစ်တော်မူ၏။
၁၆ အကြောင်းမူကား၊ထိုသားတော်သည်ကောင်းကင်ပေါ်၊မြေကြီးပေါ်မှာရှိသမျှသောရူပအရာ၊ အရူပ
အရာ၊ရာဇပလ္လင်ဖြစ်စေ၊အစိုးရခြင်းတန်ခိုးဖြစ်စေ၊အထွဋ်အမြတ်ဖြစ်စေ၊အာဏာစက်ဖြစ်စေ၊ခပ်သိမ်းသောအရာ
တို့ကိုဖန်ဆင်းတော်မူ၏။ထိုသခင်အားဖြင့်၎င်း၊ထိုသခင်အဘို့အလို့ငှါ၎င်း၊ခပ်သိမ်းသောအရာတို့သည်ဖန်ဆင်းလျ
က်ဖြစ်ကြ၏။
၁၇ သားတော်သည်လည်းခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍ခပ်သိမ်းသောအရာတို့သည်တန်ခိုးတော်
အားဖြင့်သာတည်ကြ၏။

**ရှင်လုကာခရစ်ဝင် ၁၀း၁-၁၂**

၁ ထိုနောက်မှသခင်ဘုရားသည်အခြားသောတပည့်တော်ခုနစ်ကျိပ်တို့ကိုခန့်ထားတော်မူ၍ကိုယ်တိုင်
ကြွလေအံ့သောမြို့ရွာအရပ်ရပ်တို့ကိုရှေ့တော်၌နှစ်ယောက်နှစ်ယောက်စီစေလွှတ်တော်မူ၏။
၂ သူတို့အားမိန့်တော်မူသည်ကား၊စပါးရိတ်စရာများစွာရှိ၏။ရိတ်သောသူတို့သည်နည်းကြ၏။ထို့ကြောင့်လုပ်
ဆောင်သောသူတို့ကိုစပါးရိတ်စေခြင်းငှါစပါးရှင်စေလွှတ်တော်မူမည်အကြောင်းဆုတောင်းကြလော့။
၃ သင်တို့သွားလေသည်အရာမှာ၊ တောခွေးစုထဲသို့သိုးသူငယ်တို့ကိုစေလွှတ်သကဲ့သို့သင်တို့ကို ငါစေလွှတ်၏။
၄ ငွေအိတ်၊လွယ်အိတ်၊ခြေနင်းတို့ကိုမဆောင်ကြနှင့်။လမ်း၌သွားစဉ်တွင်အဘယ်သူကိုမျှနှုတ်မဆက်ကြနှင့်။
၅ မည်သည့်အိမ်သို့ဝင်သောအခါ၊ဤအိမ်၌မင်္ဂလာဖြစ်ပါစေသောဟုရှေးဦးစွာပြောကြလော့။
၆ ထိုအိမ်၌မင်္ဂလာသားရှိလျှင်၊သင်တို့မြွက်သောမင်္ဂလာသည်တည်လိမ့်မည်။
၇ သို့မဟုတ်သင်တို့ထံသို့ပြန်လာလိမ့်မည်။ထိုအိမ်၌နေ၍အစားအသောက်စီရင်ရာကိုစားသောက်ကြလော့။
အကြောင်းမူကား၊လုပ်ဆောင်သောသူသည်အခကိုခံထိုက်ပေ၏။တအိမ်မှတအိမ်သို့လှည့်လည်၍မသွားကြနှင့်။
၈ အကြင်မြို့သို့သင်တို့ဝင်၍မြို့သားတို့သည်လက်ခံ၏။ထိုမြို့၌သင်တို့ရှေ့မှာထည့်သမျှကိုစားကြလော့။
၉ လူနာများကိုချမ်းသာပေးကြလော့။ဘုရားသခင်၏နိုင်ငံတော်သည်သင်တို့နှင့်တည်ထောင်သောအချိန်
နီးပြီဟုသူတို့အားဟောပြောကြလော့။
၁၀ အကြင်မြို့သို့ဝင်၍မြို့သားတို့သည်လက်မခံအံ့၊ထိုမြို့၏လမ်းသို့ထွက်ပြီးလျှင်၊ငါတို့၌ကပ်သောသင် တို့၏
မြေမှုန့်ကိုငါတို့ခါလိုက်၏။
၁၁ သို့သော်လည်းဘုရားသခင်၏နိုင်ငံတော်သည်သင်တို့၏အနီးသို့ရောက်ရှိကြောင်းကိုသိမှတ်ကြဟုသူ
တို့အားပြောကြလော့။

၁၂ ငါဆိုသည်ကား၊နောက်ဆုံးသောနေ့၌ထိုမြို့သည်သောဒုံမြို့သည်ထက်သာ၍ခံရလတ္တံ့။

**ဖေက်သြဂါဒစာ ၆း၁၀-၁၈**

**၁၀** ကြွင်းသေးသောစကားဟူမူကား၊ညီအစ်ကိုတို့၊သခင်အားဖြင့်၎င်း၊တန်ခိုးတော်အရှိန်အားဖြင့်၎င်း၊ခိုင်ခံ့ခြင်းရှိကြလော့။

**၁၁** မာရ်နတ်၏ပရိယာယ်တို့ကိုဆီးတားနိုင်မည်အကြောင်း၊ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆောင်ကြလော့။

**၁၂** အကြောင်းမူကား၊ငါတို့သည်အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊အာဏာစက်တို့နှင့်၎င်း၊လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊မိုယ်းကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်၎င်း၊ဆိုင်ပြိုင်တိုက်လှန်ရကြ၏။

**၁၃** ထို့ကြောင့်၊ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့်၊ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုယူဆောင်ကြလော့။

**၁၄** သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက်၊ဖြောင့်မတ်ခြင်းပါရမီတည်းဟူသောရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်၊

**၁၅** ငြိမ်သက်ခြင်းနှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောပြောအံ့သောငှါပြင်ဆင်သောအဖြစ်တည်းဟူသောခြေစွပ်ကိုစွပ်ခံရပ်ကြလော့။

**၁၆** မာရ်နတ်ပစ်ခတ်သောမီးစက်လက်နက်ကိုကာသတ်နိုင်သောယုံကြည်ခြင်းတည်းဟူသောလွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ် မှာထပ်ဆင့်၍ယူဆောင်ကြလော့။

**၁၇** ကယ်တင်ခြင်းတည်းဟူသောသံခမောက်လုံးကို၎င်း၊ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသောဝိညာဉ်တော်၏ထားကို၎င်းယူကြလော့။

**၁၈** ကာလအစဉ်စိတ်နှလုံးပါလျက်ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့်ဆုတောင်းကြလော့။ ထိုသို့ဆုတောင်းခြင်းငှါအားမလျော့ဘဲလျက်၊ငါမှစ၍သန့်ရှင်းသူအပေါင်းတို့အဘို့ဆုတောင်းလျက်စောင့်ကြလော့။

**သရုပ်ဖေါ်ပြသခြင်း- လူနှစ်ယောက်စကားပြောနေကြသည်။ ၅"**

**ပထမပုဂ္ဂိုလ်-** မေရာမှာ IDMM ကိုစတင်ရန် သခင်ဘုရားသည် ကျွန်တော်တို့အားဦးဆောင်နေသည်ဟု ကျွန်တော်ခံစားမိသည်။

**ဒုတိယပုဂ္ဂိုလ်-** တကယ်လား၊ မေရာအကြောင်းကို သင်ဘာသိထားသလဲ။ သူတို့ ဘယ်လိုအသက်မွေးဝမ်းကျောင်းလုပ်ဆောင်သလဲ။

**ပထမပုဂ္ဂိုလ်-** အို… သူတို့အလုပ်လုပ်ပါတယ်၊ သူတို့ဘာလုပ်လည်းဆိုတာကို ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ သူတို့ တစ်ခုခုကိုတော့လုပ်တယ်။

**ဒုတိယပုဂ္ဂိုလ်-** သူတို့၏အခြားလိုအပ်မှုတစ်ချို့မှာ ဘာလဲ။ အသက်အရွယ်ရောက်လာသောသူတို့စာအရေးအဖတ်တတ်မြောက်ခြင်းရှိနိုင်တယ်လို့သင်ထင်သလား။

**ပထမပုဂ္ဂိုလ်-** အို… ကျွန်တော်မသိဘူး၊ ကျွန်တော်ဂရုမစိုက်ဘူး။ ဒါပေမဲ့ မနေ့ညကျွန်တော် ဆုတောင်းပြီးနောက် "မေရာ၊ မေရာ" ဆိုတဲ့အိပ်မက် ကို ကျွန်တော် ဆက်ဆက် ကြားခဲ့သည်။ ကျွန်တော်တို့ ထိုနေရာမှာ အလုပ်လုပ်ဆောင်ရန် ထင်မြင်ယူဆမိ သည်။

**ဒုတိယပုဂ္ဂိုလ်-** အမ်… အသံကဘုရားသခင်သည် သင့်ကိုစကားပြောနေသည့် အသံနှင့်တူညီသည်။ သွားလည်ကြစို့၊ ကျွန်တော်တို့အဖို့ကြည့်ရှုကြစို့။

## လူ့အသိုင်းအဝိုင်း၌လျှောက်လှမ်းခြင်း

<u>ဤလူ့အသိုင်းအဝိုင်းတွင် ဘုရားသခင် လုပ်ဆောင်နေသည့် နည်းလမ်းများအကြောင်းကိုကျွန်ုပ်တို့ မည်သို့လေ့လာရမည်နည်း။</u>

၁. ဘုရားသခင်သည် ထိုနေရာဒေသတွင်ယခုတိုင်အောင် အဘယ်အလုပ်ကိုလုပ်နေသည်ကို သင့်အားဖော်ပြစေရန် ဘုရားသခင်ထံတောင်းခံပါ။

၂. ကိုယ်တော်၏လမ်းပြမှုအတွက် ဘုရားသခင်အားတောင်းခံရန်၊ ရှာဖွေရန်နှင့် နားထောင်ရန် လျှောက်လှမ်းပါ။

၃. ကျွန်ုပ် တို့ကို သူတွေ့ဆုံစေလိုသော သူထံ ပို့ဆောင်ပေးပါရန် ဘုရားသခင် အား တောင်းလျှောက်ပါ။

၄. ဖြစ်နိုင်ချေရှိသောသူကိုဖော်ပြစေရန် ဘုရားသခင်အားတောင်းခံပါ။

၅. လူတို့အား သူတို့၏ပုံပြင်ကိုကျွန်တော်တို့အားပြောဆိုစေရန် လုံခြုံစိတ်ချမှုရှိကြောင်းကို ခံစားစေပါ။ သူတို့ပြုလုပ်နိုင်ရန် လုံခြုံစိတ်ချမှုရှိသောနေရာ တစ်ခုကို ဖန်တီးပါ။

၆. ဘုရားသခင်သည် ဤနေရာနှင့်ပတ်သက်၍ ကျွန်ုပ်အထဲမှာအဘယ်အရာကိုနှိုးနေသည်ကို စောင့်ကြည့်ပါ။

၇. သတင်းအချက်အလက်၊ ထိုနေရာတွင်ခုပင်ရှိခြင်း၊ နားထောင်သူတစ်ဦးဖြစ်စေပါ။

၈. လူတွေ့မေးမြန်းခြင်းမဟုတ်၊ စကားစမြည်ပြောဆိုခြင်းရှိသည်။

၉. လူတို့နှင့်အတူ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်းများကို စတင်ပါ။

၁၀. အခြားသူများနှင့် သူတို့၏နေရာဒေသအကြောင်းအား လူတို့၏ပြန်လည်ပြောပြခြင်းများတို့ကို နားထောင်ပါ။

၁၁. စူးစမ်းလေ့လာပါ။ အာရုံငါးပါးခံစားမှုများ (အနံ့ခံခြင်း၊ အရသာခံခြင်း၊ ကြားနာခြင်း၊ အမြင်) ကို အသုံးပြုပါ။

၁၂. မိတ်ဆွေဖွဲ့ခြင်းများ/ဆက်သွယ်ခြင်းများတို့ကို ကြီးထွားတိုးတက်စေပါ။

၁၃. ရှေ့၌လေ့လာပြီးခဲ့သော လေ့လာခြင်းများကို ပြန်လည်စမ်းစစ်ကြည့်ပါ။

**ကျွန်တော်တို့စုဆောင်းနေသောသတင်းအချက်အလက်တို့အား ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့ မည်သို့ တုန့်ပြန်မည်နည်း။**

၁. လူ့အသိုင်းအဝိုင်း ရှိ သာသနာလုပ်ငန်းအတွက်ဆုတောင်းပါ။
၂. လမ်းပြမှုအတွက်သခင်ဘုရားကိုစောင့်မျှော်ပါ။
၃. စည်းကမ်းရှိပါ၊ ဆုတောင်းခြင်း၌တညီတညွတ်တည်းဖြစ်စေပါ။
၄. ဆုတောင်းခြင်းလှုပ်ရှားမှုများ ၏နေ့စဉ်မှတ်တမ်းများကို ထိန်းသိမ်းပါ။
၅. လူ့အသိုင်းအဝိုင်းတစ်လျှောက် လမ်းလျှောက်ဆုတောင်းပါ။
၆. IDMM အဖွဲ့သားနှင့်အတူဆုတောင်းရန် ဒေသန္တရအသင်းတော်ကိုစာရင်းသွင်းပါ။
၇. ဝိညာဉ်ရေးရာအနိုင်ထက်ပြုလုပ်ခြင်းများမှ ကာကွယ်ရန် အတွက်ဆုတောင်းပါ။ (ဧဖက် ၆း၁၀-၁၈)
၈. ဘုရားသခင်နှင့် ဆက်ဆံရေး ကို ခိုင်ခံ့ မြဲမြဲအောင် ထိန်းသိမ်းပါ။
၉. ဆုတောင်းခြင်း၌ဦးဆောင်စေရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဆင်ခြင်အောက်မေ့ပါ၊ ဆုတောင်းပါ။
၁၀. ဝိညာဉ်ရေးရာ၏လွှမ်းမိုးမှုအောက်တွင်ရှိနေသောသူများအတွက် အထူးဆုတောင်းပေးပါ။
၁၁. ဝိညာဉ်ရေးရာသတင်းအချက်အလက်တို့ကိုစုဆောင်းခြင်းအားဖြင့် ကြားဝင်ကိုယ်စား တောင်းပန်သောဆုတောင်းခြင်းဆီဖြည့်ပါ။

**လူ့အသိုင်းအဝိုင်း တစ်လျှောက် လျှောက်လှမ်းခြင်း နှင့် ဆုတောင်းခြင်း**

၁. အကယ်၍ သင်သည် လူ့အသိုင်းအဝိုင်းတွင် နေထိုင်ပါက သူစိမ်းတစ်ယောက်ရဲ့ မျက်စိ၊ အပြုအမူတို့နှင့် သဘောထား ကိုကြည့်ပါ။
၂. လူ့အသိုင်းအဝိုင်းမှမဟုတ်ပါက ဖြစ်နိုင်လျှင် သင်နှင့်အတူလျှောက်သွားရန်ဖြစ်နိုင်ချေရှိသူ တစ်ဦးဦးကို ရှာပါ။ (လုကာ ၁၀း၁-၁၂)
၃. လူတွေ ဘယ်လို နေထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လို ပေါင်းသင်း နေတယ်ဆိုတာ ကို ပတ်ပတ်လည် လမ်းလျှောက်၍ ကြည့်ပြီး လေ့လာပါ။ သင့်ရဲ့ အာရုံ ငါးပါး ကို အသုံးပြုပါ။
၄. သင်လျှောက်လှမ်းသကဲ့သို့ သင်တွေ့မြင်သောအရာအတွက်ဆုတောင်းကူပါ။ ဘုရားသခင်၏ ဝိညာဉ်တော်မှ အာရုံငါးပါးဖြင့်သိရှိစေပါ။ လူ့အသိုင်းအဝိုင်းတွင် အဘယ်ကြောင့်တိကျသော တန်ဖိုးထားမှုများ သို့မဟုတ် အပြုအမူရှိသည်ကို ခွဲခြားသိမြင်ရန်စတင်ပါ။
၅. အကယ်၍ပြင်ပတွင်လူတွေကို တွေ့ပါက သူတို့ကိုနှုတ်ဆက်ပါ။ သင်သည်မည်သူမည်ဝါဖြစ်သည် ကိုငှင်း၊ ဤနေရာဒေသအကြောင်းအားလေ့လာရာတွင်သင်စိတ်ဝင်စားမှုရှိကြောင်းကို သူတို့အား ပြောပြပါ။
   က. သင်သည်ဤနေရာဒေသတွင်ဘယ်လောက်ကြာကြာနေထိုင်လာခဲ့သနည်း။
   ခ. လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်၍ သင်ဘာကိုကြိုက်နှစ်သက်သနည်း။
   ဂ. သင်၏လူ့အသိုင်းအဝိုင်းနှင့်ပက်သက်၍ တစ်စုံတစ်ခု သင်ပြောင်းလဲနိုင်ပါက မည်သို့ဖြစ်နိုင်သနည်း။
၆. လူနှင့်လူ့အသိုင်းအဝိုင်းအကြောင်းနှင့်ပတ်သက်သောဖြစ်ရပ်ပုံပြင်များကို နားထောင်ပါ။

၇. သင်လျှောက်လှမ်းမှုပြီးစီးပြီးနောက် စူးစမ်းလေ့လာမှုများနှင့်ရှာဖွေတွေ့ရှိမှုများတို့ကို မှတ်သားပါ။